ခရမ်းပြာစာပေ

# မဉ္ဇူဝိုင်းပေါက်



ကိုယ်မသိ
ဖြိုးဖြိုး
ပမ်းဆောင်



**ခင်မေသစ်(Florist)**

အမည်ရင်းက ခင်မေသစ်ပါ။ ဦးဘသစ် ဒေါ်ငွေမှီတို့ရဲ့ သမီးအငယ်ဆုံးဖြစ်ပြီး ဘုတလင်ဇာတိဖြစ်ပါတယ်။ မြန်မာ့အသံမှာ ကျေးလက်တေးသံနဲ့သီချင်းကြီးသရုပ်ဖော်ကဏ္ဍကို တာဝန်ယူထုတ်လွှင့်ခဲ့တဲ့ မောင်ကြည်ရှင် ခေါ် ဦးချင်းစိန်ဟာ ကျွန်မရဲ့ အစ်ကိုကြီးပါ။ အစ်ကိုငယ်က ဒါရိုက်တာ သန်းစိန်သစ်။ အခုသူတို့မရှိကြတော့ပါဘူး။

ကျွန်မ အရင်က နိုင်ငံခြားနှင်းဆီတွေ ဝါသနာအရ စိုက်တယ်။ တခြား စပယ်ပန်း၊ ပိန်းပန်း၊ ရွှက်လှပန်းအစုံ စုံနဲ့ ခရမ်းရောင်ပန်းလှလှလေးတွေလည်း စိုက်တယ်။ ကျောင်းသူလေးတွေက ကျွန်မခြံထဲက နှင်းဆီပန်းတွေ ငေး ရင်း ခလုတ်တွေများ တိုက်လို့။ “ပန်းရောင်းမလား အန်တီ” တဲ့။ သူတို့ဆန္ဒလည်း ပြည့်၊ ကျွန်မလည်း ကလေးမုန့်ဖိုး ရ၊ “အေး၊ ရောင်းမှာပေါ့ကွယ်”လို့ဆိုရင်း ကျွန်မ ပန်းသည်ဖြစ်သွားခဲ့တယ်။ ဒ့ါကြောင့် ကလောင်နာမည် Florist ဖြစ်လာခဲ့တာ။

ပန်းစိုက်ဖို့သာမက ဇာထိုး၊ ပန်းထိုးလည်း ဝါသနာပါတယ်။ စောင်းတီးဖို့လည်း ဝါသနာပါတယ်။ တံတျာသီ တာကနေ ချစ်သမျှကို ပတ်ပျိုးအထိ စည်းဝါးကျကျ တီးနိုင်တယ်။ ဒါပေမဲ့ လိုင်းတွေများနေလို့ လွှတ်ပစ်ခဲ့ပြီး စာပေ တစ်ခုတည်းပဲ အာရုံစိုက်ခဲ့တာ။

စာပေကို အလယ်တန်းကျောင်းသူဘဝကတည်းက ဝါသနာပါခဲ့တာ။ အထူးသဖြင့် လေးချိုးကဗျာတွေပေ့ါ။ ကဗျာပန်းကုံး သပြေညိုနဲ့ Golden Gate တို့ဟာ ကျွန်မအစောဆုံးထိတွေ့ခဲ့ရတဲ့ ကဗျာစာအုပ်တွေပါပဲ။

ပြောရရင် အမေက ကျွန်မရဲ့ လက်ဦးဆရာပါ။ အမေက လေးချိုးကဗျာတွေ ရတုတွေ ဆိုပြ၊ ဘုရားရှိခိုးအ မျိုးမျိုး ရွတ်ပြ။ ပုံပြင်တွေ တခမ်းတနားပြောပြနဲ့ အဲဒီ က စလို့ အထုံပါလာတာပါ။

အမှတ် (၁)ကျောင်းသားသမဂ္ဂက ထုတ်ဝေတဲ့ သစ်လွင်စာစောင်မှာ “လာလုလုငေး” လေးချိုးကဗျာစရေး ခဲ့တယ်။ ၁၉၅၇ခုနှစ်အထိ

တိုင်းရင်းမေဥယျာဉ်မှူးကြီး ဦးသော်ဇင်ရဲ့ အားပေးမှုနဲ့ တိုင်းရင်းမေဂျာနယ်၊ အနော်ရ ထာစာစောင်၊ သင့်ဘဝမဂ္ဂဇင်း၊ ဂီတပဒေသာမဂ္ဂဇင်း၊ ရုပ်ရှင်မျက်မှန်မဂ္ဂဇင်း၊ မြဝတီမဂ္ဂဇင်းတွေမှာ လေးချိုးကဗျာ လေးတွေ ရေးခဲ့တယ်။ စာဆိုတော်နေ့ရောက်တိုင်း စကားရည်လုပွဲတွေမှာ အချေအတင်ပြောခဲ့တယ်။ “မေ့မရနိုင်” ဂတ္တုတိုနဲ့ တတိယဆုရဖူးတယ်။

အစကတော့ ခင်မေသစ်(သလ္လာ)အမည်နဲ့ရေးခဲ့တာပါ။ နောက်ပိုင်း ပျဉ်းမနားမှာ အနေကြာလာတော့ ပျဉ်း မနားကိုလည်း အားနာ၊ ဘုတလင်ကိုလည်း အားနာတာကြောင့် နှမြောမြောနဲ့ပဲ “သလ္လာ” ကိုဖြုတ်ပစ်ခဲ့ရတယ်။

ကျွန်မ blog ပေါ် ရောက်လာရတာ က စုစုနဲ့ ဖြိုးဖြိုးတို့ရဲ့ အားပေးကူညီမှုနဲ့ပါ။ လွတ်လပ်မှုလည်း ရှိတယ်။ စာဖတ်သူတွေဆီလည်း မြန်မြန်ဆန်ဆန်ရောက်တယ်လေ။ Comments တွေကလည်း အရမ်းစိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်မမှာ ခံယူချက်ရယ်လို့ ပြင်းပြင်းပြပြမရှိပါဘူး။ စာရေးဆရာမ ဖြစ်ရမယ်၊ ကဗျာဆရာမ ဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်မျိုးလည်း မရှိခဲ့ပါဘူး။ အကြောင်းအရာ တစ်ခုခုတိုက်ဆိုင်သွားလို့ စာရေးချင်စိတ်ဖြစ် လာရင်၊ မုန်တိုင်းထန်လို့ ကြွတက်လာတဲ့ လှိုင်းလုံးများလိုပဲ ရင်မှာ အလိပ်လိပ်ဖြစ်လာရင် ချက်ချင်းကောက်ရေး လိုက်တာပါပဲ။ ပြီးရင် မုန်တိုင်းစဲသွားတဲ့အခါ ပင်လယ်ပြင်ကြီး ငြိမ်ကျသလို ကျွန်မလည်း ငြိမ်ကျသွားတယ်။

စာတွေ အများကြီးရေးနိုင်ပါလိမ့်မယ်။ အားပေးကြပါဦးလို့ ကျေးဇူးတင်စွာပဲ ဖိတ်ခေါ်ပါရစေ။

**mobile:09420748627**

**mail:khinmaythit777@gmail.com**

**ခရမ်းပြာခြံ**

**အမှတ် ၆/၅၂၊ ၂လမ်း၊**

**မင်္ဂလာရပ်၊ ပျဉ်းမနားမြို့**

*




## အဖေ့ကို လွမ်းလိုက်တာ

ဟုတ်တယ်၊ အဖေ့ကို သိပ်လွမ်းတာပဲ။ အထူးသဖြင့် ခုလိုလပြည့်ညတွေမှာဆို ကျွန်မအဖေ့ကို သိပ်လွမ်းခဲ့ ရပါတယ်။

*

မှတ်မိသေးတော့တယ်။ ကျွန်မရဲ့ မွေးရပ်မြေ အညာမြို့လေးတစ်မြို့ကိုပေါ့။ "ဘုတလင်" တဲ့။ သိန်းဖေမြင့် ရဲ့ ဇာတိဆိုလည်း မမှားပါဘူး။ သူ့ "အညာပြန်" ဆောင်းပါးမှာ ကျွန်မတို့သားအဖ သူတည်းခိုရာ အိမ်ကို လာ ရောက်တွေ့ဆုံနှုတ်ဆက်တဲ့အကြောင်း ထည့်သွင်းဖော်ပြခဲ့ပေမယ့် ကျွန်မတို့မိဘတွေဆီ သူလာရောက်တွေ့ဆုံ နှုတ်ဆက်တာကိုတော့ ဖော်ပြထားခြင်း မရှိပါဘူး။

ကျွန်မက ငယ်သေးလို့ သိပ်မသိပေမယ့် ရယ်လိုက်ရင် "အဟက် အဟက်"နဲ့ အသံထွက်တတ်တဲ့ "သိန်း ဖေမြင့်"ကို ကောင်းကောင်းမှတ်မိနေပါတယ်။ အဲ၊ စကားကလည်း ပြောရင်း ဘယ်ရောက်သွားပါလိမ့်။ ဩော်. . . ဘုတလင်။

ဘုတလင်မြို့မှာ "ရန်အောင်မြင်" ဘုရားဆိုတာရှိပါတယ်။ သင်္ကြန်ကျရင် "ရန်အောင်မြင်" ဘုရားထဲ သိ ကြားမင်းခေါင်းပြတ်ကြီး ကျလာတယ်ပြောကြလို့ ကြောက်ကြောက်နဲ့ ပြေးပြေးကြည့်ရတာ အမောပါ။ မတွေ့မှ ခ ရေပန်းတွေ တစ်ဆုပ်ကြီးကောက်ပြီး ပြန်ခဲ့ရတယ်။ အရပ်ထဲက ကလေးတွေအချင်းချင်းပြောကြတာပါ။ ကျွန်မက သူများပြောတိုင်းမယုံတတ်တော့ ကိုယ်တိုင်သွားကြည့်တာပေါ့။ နောက်တော့ အမေပြောပြလို့ သင်္ကြန်ကျတယ်ဆို တာ နှစ်သစ်ကူးမှာမို့ နှစ်ဟောင်းက အညစ်အကြေးတွေကို ဆေးကြောမှန်း သိလာရတယ်။ ဖေဖေနဲ့က အဲဒီ ဘုရား ကို တန်ဆောင်တိုင်နဲ့ တပို့တွဲညတွေမှာ အမြဲရောက်လေ့ ရှိတယ်။ တပို့တွဲလပြည့်နေ့ညမှာတော့ သနပ်ခါးတုံး မီးပူ ဖော်လေ့ ရှိပါတယ်။

ဒါက အညာဒေသရဲ့ ချစ်စရာ ရိုးရာဓလေ့တစ်ခုပါ။ ရှင်မတောင်စစ်စစ်

အရွယ်သင့်ဖြောင့်ဖြောင့်တွေကို လေးထောင့်ကွက်ကျကျ တစ်တုံးပေါ် တစ်တုံးဆင့်ဆင့်တင်ပြီး တစ်တောင်လောက် ရရင် မီးရှို့ပူဇော်တာပါ။

"ခင်မေ. . .ချမ်းတယ်မို့လား၊ ဘုရားလည်းချမ်းမှာပေါ့၊ သနပ်ခါးတုံးဆိုတော့ မွှေးလည်း မွှေး၊ နွေးလည်း နွေးတာပေါ့" တဲ့။

ငယ်သေးတဲ့ ကျွန်မကို ဖေဖေက ရှင်းပြတယ်။ ဘုရားရင်ပြင်တော်တစ်ခုလုံး မွှေးကြိုင်နေတာကိုလည်း ခု ထိမှတ်မိနေတယ်။ (သိန်းဖေမြင့်ရဲ့ အညာပြန်ဆောင်းပါးမှာတော့ သနပ်ခါးတုံးကို စေတီပုံဖော်ပြီး မီးရှို့တယ်လို့ ဆို တယ်)။

တန်ဆောင်တိုင်ညတွေဆိုရင်တော့ ဘုရားကအပြန် ကျွန်မတို့ အိမ်ဘေးက ကွပ်ပျစ်ပေါ်မှာ မိသားစုတစ် တွေ အဒေါ်အပျိုကြီးတွေပါ ဝိုင်းဖွဲ့ပြီး မယ်ဇလီဖူးသုပ်တွေ တဂကြီး လုစားကြတာ ပျော်စရာပါ။ လက်ဖက်ရည် ကြမ်းလေး တစ်ကျိုက်သောက်လိုက်၊ မယ်ဇလီဖူးသုပ် စပ်စပ်ခါးခါးလေး တစ်ဇွန်းစားလိုက်။ မှတ်မိနေပါတယ်။ ကျွန်မက အဲဒီ အရွယ်ကတည်းက အစပ်ရော၊ အခါးရော လက်ဖက်ရည်ကြမ်းရော စွဲခဲ့တာပေါ့။ မယ်ဇလီ၊ ကြက် ဟင်းခါး၊ ကင်းမုံသီး၊ ကြောင်လျှာသီးတို့ဟာ အခါးဓာတ်နိုင်လို့ မျက်စိကိုကြည်လင်စေတယ်လို့ မေမေက ပြောပါ တယ်။ ဒါ့ကြောင့်ပဲ ထင်ပါ့။ ခုထိ ကျွန်မ မျက်စိတွေ ကြည်တုန်း။ မျက်မှန်ဆို ဂေလာဂေး။ အဲဒီ လို မယ်ဇလီဖူးသုပ် တွေ လုယက်စားနေကြတဲ့ အချိန်မှာဆိုရင် လမင်းကြီးက အထက်မိုးကောင်းကင်မှာ ရွှန်းရွှန်းတင့်တင့်နဲ့ တဖြည်း ဖြည်းမြင့်မြင့်တက်လာနေပြီပေါ့။



အို. . .အေးမြလိုက်တာ။ အင်တာနက်၊ ဂြိုဟ်တုစလောင်း စတာတွေထဲ တစ်ချိန်လုံး နစ်မြုပ်နေပေမယ့် ကျွန်မ တစ်ခါတစ်ခါခေတ်နောက်ပြန်ဆွဲပြီး ကမ္ဘာကြီးကို Back လုပ်ပစ်ချင်တယ်။

စူးရှတဲ့ မာကြူရီမီးလုံးတွေ မလိုဘူး။ (လရောင်လေးနဲ့ နေချင်တယ်)။ နေ့တိုင်းနေ့တိုင်း မိုးလင်းမိုးချုပ် ကမ္ဘာမြေကြီးကို လူသတ်ကွင်းလုပ်ပြီး လူ့အသက်တွေ ရွှေချနေတဲ့ မြင်ကွင်းကိုလည်း မမြင်ချင်တော့ဘူး။ (မီးဖို ချောင်ထဲကနေ ကမ္ဘာကြီးကို ကြည့်မြင်နိုင်ဖို့ စလောင်းဆင်ခဲ့ပေမယ့် ခုမမြင်ရဲလို့ လိုလည်းမလိုချင်တော့ဘူး)။

ကမ္ဘာကြီးပူနွေးမှုကို ဖြစ်စေမယ့် ဈေးကြီးကြီးမော်တော်ကားတွေမလိုဘူး။ (ခြူသံတလွင်လွင်နဲ့ လှည်းယဉ် လေးစီးကြရင် မကောင်းလား)။

တစ်ဖက်နဲ့ တစ်ဖက် အချေအတင်အငြင်းအခုံတွေနဲ့

ဘယ်လိုမှမပြေလည်နိုင်မယ့် အီရန်၊ မြောက်ကိုးရီး ယား၊ ဗင်နီဇွဲလား၊ အီရတ်၊ အာဖဂန်၊ ပါကစ္စတန်၊ အစ္စရေးနဲ့ ပါလက်စတိုင်း လေလှိုင်းသံတွေ မကြားချင်တော့ဘူး။ (အမေပြောပြမယ့် ပုံပြင်တွေကိုပဲ နားထောင်ချင်တော့တယ်)။

ဩော်. . .အမေဆိုတော့ ကျွန်မအဖေ့ကိုပဲ လွမ်းနေတာ၊ အမေ့ကိုမလွမ်းရာ ကျနေလားပဲ။ အဖေနဲ့က အမြဲ လမ်းလျှောက်နေကျမို့ပါ။ အမေက အိမ်မှာစာပဲ ဖတ်နေတာမို့ ညညကျမှပဲ ဇာတ်ကြီးဆယ်ဘွဲ့ပုံပြင်တွေ ဒိုင်ခံပြော ပြတတ်တာလေ။ အမေများ ပုံပြောရင် ပုံက မဆုံးနိုင်ဘဲ ကျွန်မတို့လည်း မအိပ်နိုင်၊ မျက်စိတွေက ပိုပိုကျယ်လာ တော့တာပဲ။ အမေပုံပြောရင် အဖေက အမေ့အနားက ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း စိပ်ပုတီး တဂျောက် ဂျောက်စိပ်လို့ ပြုံးပြုံးကြီးနားထောင်လေ့ ရှိတယ်။ အမေက သူ့သား ဗေဒါကြီး (သန်းစိန်သစ်)အကြောင်းပုံလုပ်ပြီး လည်း မမောနိုင် မပန်းနိုင် ပြောတတ်ပါသေးရဲ့။

ကျွန်မက သမီးတစ်ယောက်တည်းဆိုတော့ အဖေ့အပေါ် ခပ်ချွဲချွဲရယ်။ အဖေ့လက်ဆွဲပြီး ကပ်လိုက်နေကျ။ အဖေနဲ့က ပိုရင်းနှီးနေသလိုပဲ။ အဖေ့ကို ပိုချစ်တယ်ပြောရင် ရမယ်ထင်ရဲ့၊ ခေါ်တာတောင် "အဖေ"လည်း မ ဟုတ်။ "ဖေဖေ"လည်း မဟုတ်။ "ဖေ. . .ဖေ့"တဲ့။ အမြဲတမ်း "ဖေ. . .ဖေ့"လို့ ခပ်ချွဲချွဲလေးအစပျိုးခေါ်တတ်တာ လေ။ တစ်ခုခုပြောချင်ရင် "ဖေ. . .ဖေ့"လို့ စတော့တာပဲ။ အဖေကလည်း ဒီလိုခင်မေချွဲတတ်ပုံ လူလာတိုင်း စကား လုပ်ပြောတတ်ပါတယ်။

အဖေ့နာမည်က ဦးဘသစ်၊ ရန်ကုန်သား၊ ဘုန်းကြီးလမ်းမှာ မွေးပါတယ်။ နှာတံပေါ်ပေါ် မျက်လုံးမျက်ဆန် ကောင်းကောင်း၊ ပိရိသေသပ်တဲ့ နှုတ်ခမ်းပိုင်ရှင်မို့ အမေရိကန်ရုပ်ရှင်မင်းသား "ဘရစ်ဂဲလစ်စ်"နဲ့တောင် ခပ်ဆင် ဆင်။ တကယ့်ကို ခန့်ချောကြီးပါ။ အဖေက ဒုလ္လဘရဟန်းခံပြီး ဆံပင်မထားတော့ဘဲ ခေါင်းတုံးနဲ့ နေခဲ့တာမို့ ဘရစ် ဂဲလစ်စ်များ ခေါင်းတုံးနဲ့ဆိုရင် ချွတ်စွပ်လို့တောင်ဆိုရမလားပဲ။ အဲဒီ လောက် တူတာ။ အဖေက မြင်းစီးလည်း ကျွမ်း

တော့ ရှမ်းဘောင်းဘီအပွကြီးနဲ့ အဖေမို့ မြင်းစီးသွားရင် လူတိုင်းက ဓာတ်လိုက်လို ငေးကြည့်ကြသတဲ့။ အဖေတို့ ခေတ်က အိန္ဒိယစကားအသုံးများသတဲ့။ ကုန်သည်လည်းဖြစ်နေတော့ အဖေရော အမေရော အိန္ဒိယစကားတတ်ကြတယ်လေ။ အင်္ဂလိပ်စာတော့ မတတ်ကြဘူး။

မိဘတွေက ဆင်းရဲလို့ အဖေက ကျောင်းကောင်းကောင်း မနေခဲ့ရရှာဘူး။ ငယ်ငယ်ရွယ်ရွယ်နဲ့ ဓာတ်ရထား မောင်းပြီး ကိုယ့်ဝမ်းကိုယ်ကျောင်းခဲ့ရတယ်။ လိုင်စင်ပုံ ကလေးထဲမှာ အဖေက သံပရာခွံပုံ ကုလားဦးထုပ်ဆောင်း လို့။ နောင်အခါ ကျွန်မကလေးတွေကို အဲဒီ ပုံတွေ မပြနိုင်တော့ဘူး။ မုံရွာမြို့ကြီး တစ်မြို့လုံးမီးလောင်တော့ အဲဒီ ဓာတ်ပုံတွေ ပြောင်တလင်းခါအောင် ပါသွားခဲ့တယ်။

အဖေက အမေနဲ့ ဆုံချင်တော့ ကုန်ရောင်းကုန်ဝယ်နဲ့ အညာရောက်လာပြီး သူဌေးကြီး ဦးရွှေဂ၊ ဒေါ်ရွှေမတို့ ရဲ့ သမီးကို အရယူနိုင်အောင် ကိုယ်ရည်ကိုယ်သွေးရှိသူပါ။ ခွဲရှိတယ်။ လုံ့လဝီရိယရှိတယ်။ ကတိသစ္စာတည်တယ်။ ရိုးသားဖြောင့်မတ်တယ်။ ဒီအရည်အချင်းတွေက အဖေ့ကို ကြီးပွားချမ်းသာစေခဲ့ပါတယ်။ အဖေနဲ့ အမေက အိမ်ထောင်ကျပြီး လေးနှစ်လုံးလုံး သားသမီးမထွန်းကားဘူးတဲ့။ ဘုရားသွား ကျောင်းတက်ပျော်မွေ့နေရာက မောင်ကြည်ရှင်ဖြစ်မယ့် ကလေးကို ရရော စီးပွားရေးဘက် ခြေဦးပြန်လှည့် ကုန်းရုန်းရှာဖွေကြရတယ်တဲ့။

သားသမီးသုံးယောက်လည်းရ၊ ကျွန်မတို့ အခေါ် ရဲတိုက်ကြီးကိုလည်း ဆောက်နိုင်ခဲ့ တယ်တဲ့။ ကျွန်မကို အဲဒီ အပေါ်ထပ်မှာ မီးဖွားသန့်စင်ခဲ့တာပါ။ ကျွန်မ နှစ်နှစ်သမီးမှာပဲ အလှူကြီးပေးပါတယ်။ အဖေကိုယ်တိုင်ရဟန်းခံပြီး သားနှစ်ယောက်ကို ကိတ္တိမသား ရှင်လောင်း ဆယ့်နှစ်ပါးနဲ့အတူ သာသနာ့ဘောင်ကို သွတ်သွင်းချီးမြှင့်ပေးပါ တယ်။ ကျွန်မကိုတော့ နားသရုံပါပဲ။ ကျွန်မက အဲဒီ တုန်းက ခပ်ဆိုးဆိုးရယ်။ အစ်ကိုတွေကတော့ မှန်စီရွှေချဦး ကော့ဖိနပ်နဲ့၊ ဖုံအမြင့်နဲ့၊

ကရဝိတ်ဖောင်နဲ့ လှည့်လည်ပြီး ကျွန်မကိုတော့ မိန်းကလေးမို့ ဂျစ်ကားနဲ့ တင်လှည့်တာဆို တော့ မကျေမနပ်နဲ့ တွက်ကပ်ပြီး စိတ်ကောက်နေလို့ ခါတ်ပုံထဲမှာ နှုတ်ခမ်းကို စူထော်နေတာပဲ။

ဒီတုန်းက စိန်ဗေဒါကြီး ဖြောညွှန့်နဲ့ နေ့ရော ညပါ ဧည့်ခံသတဲ့။ စိန်ဗေဒါကြီးက ရဲရဲတောက် တို့ဗမာပြေ သတ္တိခဲတွေ. . .ရာဇဝင်ထိုးလောက်အောင်. . .စွန့်ပေ. . .”ဆိုတဲ့ သီချင်းကို ဆိုတာကိုး။

အဲဒါ “ညီစေနော်. . .တို့ရဲဘော်. . .ချီတက်ကြစို့ တူပျော်ပျော်. . .ဆိုတဲ့ အပိုဒ်လည်း ရောက်ရော ကိုဗေဒါ လေးက ရှင်လောင်းဝတ်ကြီးနဲ့ နေရာက ထပြီး “ဘယ်ညာ. . .ဘယ်ညာ” နဲ့ ချီတက်ဟန်ပြုအော်သတဲ့။

မဏ္ဍပ်က အိမ်ရှေ့လမ်းမကြီးကို ကျော်ခွပြီး ကားအသွားအလာမပျက်အောင် တခမ်းတနားဆောက်သတဲ့။ အမေကလေ သူ့အလှူကို ကျေကျေနပ်နပ်နဲ့ အားပါးတရကြီး ပုံလုပ်ပြီးလည်း ပြောတတ်တာပါ။ အဖေကလည်း အမေမို့ ပုံပြောရင် စိပ်ပုတီးစိပ်သလို ဘာလိုလိုနဲ့ အမေ့နားက ပက်လက်ကုလားထိုင်မှာလာထိုင်ပြီး ပြုံးပြုံးကြီး နား ထောင်လေ့ရှိတာ ခုထိမြင်ယောင်ဆဲပါ။

*

ဥစ္စာဟူသည် မျက်လှည့်မျိုးတဲ့။ ၁၉၄၂ ခုနှစ်က ထင်ပါတယ်။ ဒုတိယ ကမ္ဘာစစ်က ဗမာပြည်ကိုပါ ကူးစက် လာတယ်။ ခေတ်ပျက်ကြီးနဲ့ကြုံရဆုံရတော့တာပဲ။

အမေတို့ကလေ ဗမာတွေ ကျွန်ဖြစ်တာ သခင်ဖြစ်တာ အရေးမစိုက်ဘူး။ စီးပွားရှာလို့လည်း ကောင်း၊ တိုင်း ပြည်လည်း အေးချမ်းတည်ငြိမ်မှုရှိ၊ ရွှေလက်ကောက်တွေ တံတောင်ဆစ်အထိ ဝတ်ပြီး တောလမ်းခရီးသွားတောင် ဘေးမရှိ ရန်မရှိနဲ့မို့ အင်္ဂလိပ်တွေ အုပ်ချုပ်ပုံကောင်းတယ်ဆိုပြီး လွမ်းနေကြတာပါ။ နိုင်ငံရေးအသိစိတ်ဓာတ် မရှိပါ ဘူး။

အဖေက ဘုတလင်မြို့ ဈေးရပ်မှာ ကုန်မျိုးစုံ ရောင်းဝယ်ဖောက်ကားပါတယ်။ အထည်အလိပ်၊ ထီး၊ ဖိနပ်၊ သက်န်းပရိက္ခရာ၊ ဓာတ်စက်ဓာတ်ပြား၊ ပိုးထည်ချည်ထည်၊ တိုင်းရင်းဆေးပါ မကျန်ရောင်းချပါတယ်။ ဆန်ကုန် သည်လည်း လုပ်ဖူးတယ်။ နောက်ဆုံး လုပ်ငန်းက ရွှေထည်၊ ငွေထည်ပစ္စည်းနဲ့ ပန်းထိမ်ပါပဲ။ ဆိုင်ကြီးတော့ မဟုတ် ပါဘူး၊ အဖေတို့က ဓာတ်ပြားတွေလည်း ရောင်းတော့ ဇာတ်ထုပ်အသစ်ရောက်ပလားဆိုရင် ညညအော်လံကြီးတပ် ပြီး တစ်ရပ်ကွက်လုံး ကြားအောင် ဖွင့်တော့တာပဲ။ အစမ်းဖွင့်တာပါ။ ဓာတ်ပြားကြော်ငြာနည်း တစ်မျိုးပေါ့လေ။ အရပ်ထဲက ရင်းနှီးသူ လူကြီးလူငယ်မရွေး အိမ်ဘေးက ကွပ်ပျစ်ပေါ် လာထိုင်ပြီး နားထောင်ကြတယ်။

အမေက ရေနွေးကြမ်းတစ်အိုးပြီး တစ်အိုးချပေးသတဲ့။ အမြည်းက လက်ဖက်၊ ပဲလှော်၊ ထန်းလျက်အပြင် ငါးရံ့ခြောက်မီးကင်တောင် ပါသေးတာပါ။

ဇာတ်သဘင်ဝါသနာပါသူတွေကတော့ စောစောကြိုတင်ရောက်လာကြပြီး “ကိုဘသစ်ရေ. . .ဒီကနေ့ည ဘာဇာတ်ထုပ်ကျမလဲဗျ” လို့ မေးတတ်ကြတယ်။ ဓာတ်ဆီ ဓာတ်ဆံပြက်လုံးများ ဖွင့်ရင် လူတွေ တသောသောတ ဝါဝါနဲ့တိုးမပေါက်ဘူး။ ဒီတုန်းက ဖိုးစိန်၊ ရွှေမန်း၊ နန်းတော်ရှေ့ ကျော့အုံးလှိုင်ဆိုတဲ့နာမည်တွေ ကြားဖူးခဲ့ပေ မယ့် ကျွန်မက ဇာတ်သဘင်ကို မကြိုက်ခဲ့ဖူးဘူး။ အဲဒီ မှာ အမေ့သား ဗေဒါကြီး ပြောပါတယ်။ ဇာတ်ထုပ်ထဲက မင်း သားက ငိုချင်းချရင် သူကပါ လိုက်ပြီး ငိုချင်းချသတဲ့။ မနေနိုင်ဘူး။

"ကျွန်တော်၏ အမျိုးကို ထုတ်ဖော်လို့ ပြောရမှာဖြင့် ဓားကုပ်ပေါ်မှာ ဝဲ. . .ဟဲ. . .ဟဲ. . .ဟဲ၊ ဝဲ. . .ဟဲ. . .ဟဲ . . .ဟဲ. . ." လို့ ထအော်ပြီး လက်မောင်းက အကျႌစကလေးနဲ့ မျက်ရည်သုတ်ဟန်ပြုသတဲ့။ ဒါပေမဲ့ သူကြီးလာ တော့ ရုပ်ရှင်ဘက် ရောက်သွားပြီး မောင်ကြည်ရှင်ကသာ ဇာတ်သဘင်ဘက် ရောက်သွားတာပါ။ ကျွန်မကတော့ သမိုင်းတွေ၊ ပထဝီတွေနဲ့ပဲ ပျော်နေတာ။ ဇာတ်ပွဲကို မကြိုက်ပါဘူး။ ယောက်ျားတန်မဲ့ သိက္ခာမဲ့ငိုနေတာလို့ မြင်ပြီး ပန်းတွေ ပန်၊ ဆံထုံးထုံး၊ နားကပ်ကြီးတဝင်းဝင်းနဲ့ မိန်းမအများကြီး တွဲကနေတာမျိုးကို ဘယ်လိုမှကြည့်မရခဲ့ဘူး။

ဒါနဲ့ ပြောရဦးမယ်။ အဖေတို့က ပဒုမ္မာပိတ်အုပ်တွေလည်း ရောင်းတာကိုး။ "ခင်မေစိန်" ပဒုမ္မာအုပ်ဆိုတာ ပေါ်သတဲ့။ တံဆိပ်ပေါ်က ခင်မေစိန့်ရုပ်က မေရှင်တို့၊ မေမြင့်တို့လို ဆံပင်လေးတွေ နဖူးမှာ ချလို့။ နောက်မှာ ဘီး ကျော်ဆံပတ်နဲ့ ပန်းကလေးတွေ မခို့တရို့ပန်၊ ဇာနားတပ် ရင်စေ့အကျႌကလေးဝတ်၊ ယဉ်ယဉ်လေးပြုံးပြီး ထိုင်နေ သတဲ့။ မောင်ကြည်ရှင်ဖြစ်မယ့်သူက သဘောကျပြီး ညီမလေး မွေးရင် "ခင်မေစိန်" လို့ ခေါ်မှာလို့ ပြောသတဲ့။ ဒီ တုန်းက မေမေက ကိုယ်ဝန်ကြီးနဲ့။ ကျွန်မကိုလည်း မွေးရော၊ တန်းပြီး "ခင်မေစိန်လေးရေ. . .ခင်မေစိန်လေးရေ. . ."နဲ့ ခေါ်နေသတဲ့။ မောင်ကြည်ရှင်က ကျွန်မထက် ၈ နှစ်ကြီးတာကိုး။ အမေက ပြန်ပြောတာပါ။

အဒေါ်အပျိုကြီးတွေကလည်း တစ်မျောင့်။ ကျွန်မကို "မြင့်မြင့်"တဲ့။ တိုက်ကြီးရဲ့ အမြင့်အပေါ်ဆုံးအထပ်မှာ မွေးလို့တဲ့။ မြင့်မြင့်လို့ ခေါ်ပြန်ရော။ ကျွန်မအထက်တန်း ကျောင်း ရောက်တော့ မြင့်မြင့်လည်း မကြိုက်၊ ခင်မေစိန် လည်း မကြိုက်၊ ကျွန်မ ချစ်တဲ့ ဖေဖေ့နာမည်ယူပြီး "ခင်မေသစ်" ပြောင်းလိုက်တာပါ။ ကဲ. . .ဘယ်လောက်လှသ လဲ၊ ဒီနာမည်။ ခင်မေစိန်ခေါ်ရင် မကြိုက်ဘူး။ "စိန်" ပါနေလို့ပါ။ ဖိုးစိန်၊ ကက်နက်စိန်၊ စိန်အောင်မင်း အကုန်မုန်း။ ဇာတ်မင်းသားတွေကို မုန်းတာပါ။ (အရေးထဲ ပြောင်းဖူးဆေးလိပ်ထဲ ရွှေဒင်္ဂါး ထည့်ပေးကြတဲ့ အပျိုအုပ်စုမှာ မေမေ

များ ပါနေမလား တွေးပူမိသေး)မေမေကလေ ကျွန်မကို မီးဖွားပြီး မီးတွင်းမှာ သွေးလန့်သတဲ့။ နို့မထွက်လို့ နို့ထိန်း အိမ်မှာ နို့သွားစို့ရပါတယ်။ ခြောက်လကြာပါတယ်။ အဖေနဲ့ အမေက မနက်တစ်ခေါက် ညတစ်ခေါက် မှန်မှန်လာ ကြည့်တယ်ပြောပါတယ်။ ကျွန်မနဲ့ နို့စို့ဘက်တွေ ရှိပေမယ့် မသိပါဘူး။

အမေက အဖေနဲ့အတူ စီးပွားရေးကို မဲလုပ်နေရလို့ ကျွန်မတို့ မောင်နှမသုံးယောက်စလုံး အဒေါ်အပျိုကြီး တွေ လက်မှာ ကြီးပြင်းခဲ့ရတာ ပါ။ (မေမေက ကလေးသုံးယောက်လောက်ကို အထိန်းတွေ၊ အယတွေနဲ့ ဝိုင်းဝိုင်း လည်ထားခဲ့နိုင်ပေမယ့် ကျွန်မမှာတော့ ကလေးခုနစ်ယောက်ကို အဲလိုမထားခဲ့နိုင်ပါဘူး။ ကိုယ်တိုင်ရင်အုပ်မကွာ ရင်ခွင်ပိုက် နို့တိုက်ပြီး ကိုယ်တိုင်ပြုစု စောင့်ရှောက်ကျွေးမွေးခဲ့တာပါ။ ဘယ်လိုသတ္တိတွေကများ ကျွန်မကို ဦး ဆောင်ခဲ့ပါလိမ့်လို့ ခုကြီးလာမှ ကိုယ့်ကိုယ်ကိုယ်အံ့ဩရင်း မေးခွန်းတွေ အကြိမ်ကြိမ်ထုတ်နေမိတော့တယ်)။

အဖေကလေ ကျွန်မတို့ကို စာတတ်စေချင်တယ်။ အထူးသဖြင့် အင်္ဂလိပ်စာကိုပေ့ါ။ ပထမကျောင်းစနေနေ ချင်း ဘုတလင်က ဆရာလေး ဦးဘိုးညဏ်ကျောင်းမှာ နေရပါတယ်။ အမေ့ညီမအရင်း ဆရာမကြီး ဒေါ်ငွေကြည်ရဲ့ ခင်ပွန်းပါ။ ဒေါ်ငွေကြည်များ မျက်လုံး တစ်ချက်ပြူးကြည့်ရင် တစ်ကျောင်းလုံးသာမက ဦးလေးညဏ်တောင် ဖိန့်ဖိန့်တုန် ကြောက် ရတာ ပါ။

***

တစ်နေ့တော့ ကျွန်မတို့မုန့်စားဆင်းချိန် မဟာဗန္ဓုလပန်းခြံ(အစစ်ပါ)သွားပြီး ဇီးတော်သီးတွေ ခူးစားကြတာ ပေ့ါ။ ဒီတုန်းက သူငယ်ချင်း သုံး၊ လေးယောက်ပါခဲ့ပေမယ့် ဘယ်သူဘယ်ဝါဆိုတာ မမှတ်မိတော့ဘူး။ အပြန်ကျ တော့ ကျောင်းက တက်နေပြီ။ ခြံက နည်းနည်းလှမ်းတာကိုး။ ကျောင်းခန်းအဝင်ဂကနေ ဆရာမကြီးက စောင့်ပြီး ကြိမ်နဲ့ ဆော်တော့တာပါပဲ။

အဲဒီ ကျောင်းမှာ ကျွန်မတို့ ဇာထိုး၊ ပန်းထိုးသင်ရတယ်။ မှတ်မိသေးတော့တယ်။ ဇာထိုးအပ်က ဝါးနဲ့ လုပ် ထားတာပါ။ နှစ်ချောင်းထိုး၊ တစ်ချောင်းထိုး၊ အားလုံးဝါးနဲ့ချည်းပဲ အချောသပ်လုပ်ထားတယ်။ ကျွန်မက အဲဒီ ကတည်းက ဇာထိုးအပ်ကို ကောင်းကောင်း အသုံးချနိုင်ခဲ့တာပါ။ ကျောက်သင်ပုန်း၊ ကျောက်တံသုံးတဲ့ ခေတ်မို့ ကျောက်တံကို ရေဆွတ်ဆွတ်ပြီး ချွန်နေအောင်သွေးရတာကိုလည်း မမေ့ပါဘူး။ ဆရာကြီး၊ ဆရာမကြီးက ခြံဝင်း အကျယ်ကြီးလယ်ယာမြေပိုင်သူမို့လည်း လယ်လုပ်ယာလုပ်သူတွေ လာပို့တဲ့ နှမ်း၊ မြေပဲ၊ ငရုတ် စတာတွေကို ဖျာ ကြီးနဲ့ ကျောင်းသားတွေက လှန်းပေးကြရတယ်။

မြေပဲအကြောင်းပြောရာကနေ စက်ဘီးကလေးနဲ့ လွယ်အိတ်ကလေးချိတ်ပြီး ပဲလှော်သွားဝယ်တာ ပြေးအ မှတ်ရမိရော။ ပဲလှော်က ပဲကြားလှော်ပါ။ ခါးသက်သက်လေး။ လှော်နေတုန်း ဖိုထဲက ထည့်ပေးလိုက်တာဆိုတော့ ပူပူနွေးနွေးလေး။ ကြွပ်ပြီး မွှရနေတာပဲ။ အက်ကွဲကြောင်းကလေးတွေမှာ ဆားလှော်ဝင်နေတာကြောင့် စားလို့ အရသာရှိတယ်။ တစ်မတ်ဖိုးဆို လွယ်အိတ်လေးနဲ့ တစ်လုံး အပြည့်။ မတ်ပဲ၊ ဗယာကြော်လည်း ဝယ်ဖူးတယ်။ မေမေက မတ်ပဲ၊ ဗယာကြော် ကြွပ်ကြွပ်ကလေးကို ကြက်သွန်၊ ခရမ်းချဉ်သီးနဲ့ ပြန်ပြီးနှပ်ပေးတော့ သိပ်စားကောင်းတာပဲ။ ကျွန်မတို့က အသားမစားတော့ ကြံဖန်စားတတ်ကြတယ်။

တစ်ခါတော့ အကြော်ဝယ်ပြီး အပြန် အိမ်လည်း ပြန်ရောက်ရော လေယာဉ်ပျံကြီးက “ဝေါ ဝေါ” ဆို ခေါင်း ပေါ် ရောက်လာရော။ ဗုံးကျင်းထဲရောက်အောင် ပြေးဖို့ အချိန်မရတော့ဘူး။ ကျွန်မက အိမ်အောက်ထဲ ဝင်ပြေးပါ တယ်။ အိမ်က ခြေတံရှည်ဆိုတော့ ဝင်ပုန်းလို့ ရတာ ပေါ့လေ။ ပုန်းရာကနေ ခေါင်းမော်ပြူကြည့်လိုက်တော့. . . လား. . .လား၊ တောင်ပံတကားကား အကောင်ကြီးကြီး ရောမလေယာဉ်ပျံကြီးပါလား။

အကောင်ဆိုလို့ တစ်ခုပြောစရာကြုံလာပြန်ပါပကော။

ကျွန်မတို့သားအဖ အန္တရာယ်တစ်ခုနဲ့ ထိပ်တိုက်တိုး ခဲ့ရပုံ ပြောပဲ မပြောချင်တော့ပါဘူး။ ကျွန်မတို့ အိမ်ခေါင်းရင်းက ဆရာဦးဘကြည်တဲ့။ သမီးက တင်တင်မြတဲ့။ ဘာ ဆရာလဲ ကျွန်မ မသိပေမယ့် တင်တင်မြက ညနေတိုင်း စပို့ရှပ်အကျႌ၊ ဘောင်းဘီတိုလေး ဝတ်ပြီး ခြင်းခတ်လေ့ ရှိ တယ်။ ပေါင်တံသွယ်သွယ်လှလှ လက်တံသွယ်သွယ်လှလှလေးမို့ အလွန်ကြည့်ကောင်းတယ်။ ဦးဘကြည်နဲ့ တ ခြားလူသုံးယောက် အမြဲခြင်းကစားကြတယ်။ ညနေခင်းတစ်ခုမှာ အဲလိုခြင်းခတ်နေရာက ဦးဘကြည်က လှမ်း အော်တယ်။

"ဦးဘသစ်ရေ. . .မြွေ မြွေ" တဲ့။ မြွေကိုတော့ မမြင်ရပါဘူး။ ဦးဘကြည် အိမ်စည်းရိုးနဲ့ ကပ်နေတဲ့ ကျွန်မတို့ အိမ်ဘက်က မြေကွက်လပ်ကြီးက မြက်တောစိမ်းကြီးရှည်အုပ်နေတော့ ဘာမှ မမြင်ရပါဘူး။ ဒါပေမဲ့ အတန်းလိုက် မြက်ဖျားလေးတွေ ယိမ်းခါနေတော့ တစ်ခုခု၊ အကောင်တစ်ကောင်ကောင်ပြေးလာနေမှန်း အဖေက သိတယ်တဲ့။ ကြောင်လေးတစ်ကောင်က အမြီးဖျားကို လိုက်ကစားနေတာပါ မြင်နေရတယ်။ မကြာပါဘူး၊ မြွေပြေးလာတာ မြင် နေရပါပြီ။ မြွေဦးခေါင်းက ကျွန်မတို့ဘက် ဦးတည်မနေပါဘူး။ အရှေ့ဘက်ကို ဦးတည်နေတာပါ။ ကျွန်မတို့က မြောက်ဘက်ကျတယ်။ ဖေဖေက အစိုးရိမ်လွန်ပြီး ဝေးဝေးသွားအောင် ဖိနပ်နဲ့ ချွတ်ပေါက်တယ်။ ဒီတော့မှ မြွေက ရှူးခနဲ ပါးပျဉ်းထောင် ခေါင်းလှည့်လာပြီး ကျွန်မတို့ဆီ တစ်ဟုန်ထိုး ပြေးလာတော့တယ်။ ဖေဖေက ကျွန်မကို "အိမ်ပေါ်တက်နေ၊ အိမ်ပေါ်တက်နေ" လို့ ပြောပေမယ့် ကျွန်မ မလှုပ်ရဲဘူး။ ကြောက်ကြောက်နဲ့ အဖေ့ကို တွယ်ကပ်နေ တော့ အဖေလည်း ဘာမှ လုပ်မရဘူး။ မြွေကလည်း အသေလိုက်။ ကျွန်မနဲ့ အဖေလည်း နောက်ဆုတ် နောက် ဆုတ်နဲ့ အိမ်ထဲဝင်။ အဖေက ကျွန်မကို ညာဘက် လက်နဲ့ကာထား။ ဘုရား. . .ဘုရား၊ ကျွန်မတို့နှစ်ယောက် ဘယ် သူအရင် အပေါက်ခံရမလဲ၊ မတွေးရဲဘူး။ မြွေက

ပါးပျဉ်းထောင်ပြေးလာတာ။ ကျွန်မတို့ကနှစ်ယောက်သား လုံး ထွေးလုံးထွေး နောက်ဆုတ် နောက်ဆုတ်ပြေးရင်း မီးဖိုထဲ အရောက်၊ မြွေက မီးဖိုချောင်ခါးပန်းကို ကျော်အတက်၊ အဖေက ဖင်ထိုင်ခုံအပုလေးကို လှမ်းကောက်အပေါက်၊ အို ဘာပြောကောင်းမလဲ။ တစ်ခါတည်း မြွေကြီးလည်ပင်း ကို တန်းမှန်ပြီး ဇက်ကျိုးကျတော့တာပဲလေ။ ပါးပျဉ်းကြီးကို ခွေကျသွားတာ။

ဒီတော့မှ လူတွေ ပြေးလာကြ၊ မြွေကြီးကို လေးထောင့်သံပုံးကြီးတစ်ခုထဲထည့်၊ မြွေက နည်းနည်းမှကို မ လှုပ်တော့ဘူး။ မနက်စောစော တောထဲ ပြန်သွားလွှတ်ခဲ့ပေမယ့် သေသွားခဲ့ပါပြီ။ ဖေဖေကလေ သတိရတိုင်း စိတ် မကောင်းဖြစ်လို့။ သေစေလိုတဲ့ ဆန္ဒမရှိကြောင်းနဲ့ ခုခံကာကွယ်ရင်း လက်လွန်သွားတာပါလို့ ဘုရားရှိခိုးရင်း ကောင်းရာ သုဂတိလားပါစေလို့ မေတ္တာပို့တယ်။ ဒီလိုပါးပျဉ်းထောင်လိုက်တဲ့ မြွေမျိုးကို ကျွန်မ အိန္ဒိယရုပ်ရှင်တွေ မှာပဲ တွေ့ဖူးတာပါ။ လုံးပတ်က လူကြီး လက်မောင်းအိုးတစ်ခုစာလောက် တုတ်တာပါ။ အရှည်ကြီး။ မြွေဟောက် ငန်းစောင်း သိန်းဆုပေါင်းဆိုပြီး ထီထိုးပေမယ့် မပေါက်ပါဘူး။

အဲဒီ ညက ကျွန်မ အကြောက်လွန်ပြီး အပြင်းဖျားတာမှ လိမ့်နေတာပဲ။ ကိုးကွယ်နေကျ ဘုန်းကြီးဆီမှာ နဂ ရာအဖျားဖြတ်ဆေး အဖေ တောင်းပေးပါတယ်။ ဆေးလုံးလေးတွေက ကြွက်ချေးတုံးအတိုင်းပဲ။ အရသာတော့ ရှိတယ်။ ရေချိုးပြီးတိုင်း ရေနွေးလေးနဲ့ ကျိုသောက်ထားရင် ဘယ်တော့မှ မဖျားဘူးတဲ့။ ဘုန်းကြီးက ကျွန်မဆို တော် တော်ချစ်တယ်။ “ခင်မေ ခင်မေ” နဲ့။ ဘာပေးပေး “ခင်မေဖို့” “ခင်မေဖို့” နဲ့။ ပဲလှော်၊ ငှက်ပျော၊ ထန်းလျက်၊ မုန့်ဆီ ကြော် မပြတ်ဘူး။ လူက မလှူရဖူးဘူး။ ဘုန်းကြီးက ပြန်လှူနေတယ်။ ကျွန်မက အကြောက်လွန်ရင် ဖျားတတ်တာ သိပ်ဆိုးတယ်။

တစ်ခါလည်း ကျွန်မနဲ့ ဖေဖေနဲ့ လေယာဉ်ကွင်းဘက် လမ်းလျှောက်သွားရာမှာ (စစ်အတွင်းယာယီသုံးဖို့ အ ရေးပေါ်ဆောက်လုပ်ထားတာ)

စစ်သားတချို့မြေမှာ ဝပ်ပြီး သုံးချောင်းထောက်စက်သေနတ်ကြီးချိန်ထားတာ မြင်ပြီး ညလည်းရောက်ရော ဖျားတော့တာပဲ။ စစ်သားဆိုလို့ ကျွန်မတို့စစ်ပြေးရသေးတာ အမှတ်ရပြန်ရောလေ။

တစ်နေ့ ညကြီးမင်းကြီး ဖေဖေက ရေနံဆီမီးခွက်ကလေး မှိန်ပျပျမှာ မြေကြီးထဲ တွင်းတူးပါတယ်။ တွင်းတူး ပြီး ရွှေထည်ပစ္စည်းတွေ အိုးတစ်လုံးထဲ ထည့်မြှုပ်ပါတယ်။ ကျွန်မတို့ ပြေးကြရမယ်လို့လည်း ဖေဖေက ပြောတယ်။ အဲဒီညမှာပဲ ကျွန်မတို့ စစ်ရှောင်ဖို့ လှည်းကလေးနဲ့ “နှောယင်း” ဆိုတဲ့ ရွာကလေးကို ပြေးကြပါတယ်။ စစ်ကြောင့် ပြေးရလွှားရပုံတွေ၊ ဓားပြတိုက်၊ အိမ်မီးရှို့၊ ပြန်ပေးဆွဲစတဲ့ဒုက္ခမျိုးစုံ ကြုံရသမျှတွေအားလုံး မေမေက ပုံပြင်လုပ်ပြီး အမြဲပြောခဲ့တာပါ။ ခါးသီးနာကျင်စရာတွေဆိုပေမယ့် တရားသဘောနဲ့ ဖြေသိမ့်နိုင်ကြပြီး နိုင်ငံရေးအမြင်မရှိကြပါ ဘူး။ စစ်ပြီးခေတ် ဒီဘက်ပြည်သူပိုင်သိမ်းတဲ့ ခေတ်မှာလည်း လယ်မြေဧက တော်တော်များများ ဂေခြမ်းရေးထဲ ပါ သွားပြန်တယ်။

အဖေပြောတာ ကျွန်မ ခုထိ ကြားယောင်နေတဲ့ စကားတစ်ခွန်းရှိပါတယ်။

“အဖေတို့က လယ်မြေပိုင်တယ်သာ ဆိုတယ်၊ ကိုယ်တိုင်ဘာမှမလုပ်နိုင်တော့ သူတို့ပေးသရွေ့ပဲ ရတာ ပါ။ သီးနှံမအောင်လို့၊ မိုးဖျက်၊ ပိုးဖျက်လို့နဲ့ ရသင့်တာတောင် မရဘူး။ ကိုယ်က တောထဲမှ မလိုက်နိုင်တာ။ လူတွေက မြေရှင်ယာရှင်တွေကိုပဲ ဘာဘာညာညာ ပြောနေကြတာ၊ မြေရှင်ယာရှင်တွေရဲ့ ခံစားချက်ကိုတော့ ဘယ်သူမှ မသိ ကြဘူး” တဲ့။

ကျွန်မတို့ တစ်ခါတော့ ဘယ်ကနေ ဘယ်ကို ပြေးမှန်းမသိ ပြေးရင်းလွှားရင်း နောက်က လူအုပ်ကြီးလိုက် လာသံကြားလို့ဆိုပြီး နီးရာ တဲကြီးတစ်လုံးထဲ ဝင်ပုန်းပါတယ်။ မကြာပါဘူး။ လူသံတွေ ဆူဆူညံညံနဲ့ အုပ်လိုက်ကြီး ရောက်လာကြတယ်။

“ဟော့၊ တဲထဲမှာ ဘယ်သူရှိသလဲ၊ လှံနဲ့ ထိုးလိုက်ရမလား” တဲ့။ ပြောပြောဆိုဆိုပဲ လှံကြီးက ထရံကို ဖောက် ပြီး တဲထဲ ဝင်လာပါရော။ မေမေ့ရင်ဝနဲ့ သီသီကလေးလွတ်သွားတာပေါ့။ တဲထဲ ရောက်ရောက်ချင်း မေမေက ကျွန် မကို ရင်ခွင်ထဲ ထည့်၊ ကြက်မကြီးဝပ်သလို မြေမှာ ပြားပြားဝပ်ပြီးတော့အစ်ကိုနှစ်ယောက်ကိုလည်း ကုပ်ကနေ ဆွဲနှိမ်ဝပ်ချပေးတာမို့ ကံကြီးသွား တာပါ။ ဒီတုန်းက ဖေဖေ့ကိုလည်း တောကြောင်တွေ ဆွဲခေါ်သွားပြီး ငွေတောင်းပါ တယ်။ အမေက ငွေသားမရှိပါဘူး။ ရွှေနဲ့ လဲလှယ်ရွေးခဲ့ရတာ ပါ။ ပြန်ပေးသမားတွေက အဖေ့ခြေသလုံးတွေကို လှံ နဲ့ ဆွထားလို့ ဒဏ်ရာတွေ ဗရပွနဲ့ လမ်းမလျှောက်နိုင်ပါဘူး။ လှည်းနဲ့ တိုက်ခေါ်ခဲ့ရတာ ပါ။

အမေက သစ်ဥ၊ သစ်ဖုတွေရဲ့ အာနိသင်ကို နားလည်ပေမယ့် ပြေးရင်းလွှားရင်း ပုန်းရင်းခိုရင်း လိုချင်တဲ့ ဆေးပင်ရှာမရလို့ အခက်တွေ့နေတာပေါ့။ နောက်ဆုံးကြံရာမရဖြစ်နေလို့ ရရာ သစ်ရွက်သစ်ခက်တွေ ထုကြိတ်ပြီး အုံကပ်ပေးရင်း “ကျွန်တော်မရဲ့ ခင်ပွန်းကို ကုသဖို့ ဆေးဝါးမရှိပါ။ အနာတရလုပ်သူများကိုလည်း အငြိုးအတေးမရှိ၊ ရန်တုံ့မယူပါ။ ဤစကားမှန်ပါရင် ဤသစ်ခက်သစ်ဥများက အစွမ်းထက်သော ဆေးဝါးဖြစ်ပြီး အမြန်ပျောက်ကင်း ချမ်းသာပါစေ” လို့ သစ္စာဆိုပါတယ်။ သုံးရက်အတွင်း အရောင်လျော့ကျပြီး ငါးရက်အကြာမှာတော့ ရှင်းရှင်းပျောက် ခဲ့တယ်လို့ မေမေက သူ့ဘာသာသူ ဂုဏ်ယူပြောဆိုခဲ့ဖူးတယ်။

အဲဒါကြောင့် ကျွန်မက စစ်ဆိုရင် သိပ်မုန်းပါတယ်။ စစ်ကြောင့်လူတွေ ဘယ်လောက် ဒုက္ခရောက်ကြသလဲ။ စစ်သားဆိုတာလည်း မုန်းစရာပဲ။ ဟိုးငယ်ငယ်လေးကတည်းကကို မုန်းတာ။ စစ်ကြောင့် ပြေးရ လွှားရ၊ လူတွေ ဝ ရန်းသုန်းကားဖြစ်။ သေတဲ့သူ သေ၊ နာတဲ့သူ နာ။ ဘယ်မှာ ကောင်းကျိုးရှိလို့လဲ။ ဒါပေမဲ့ ဂျပန်တွေ ဝင်လာတော့ ဂျ ပန်စစ်သားလေးတစ်ယောက် သူရထားတဲ့ ရာရှင်တွေထဲက နို့ဆီ၊ သကြား၊ ချိုချဉ်၊ ငါးသေတ္တာ စတာတွေ ကျွန်မ စားဖို့တဲ့၊

လာလာပေးတာ မှတ်မိတယ်။ သူ့စစ်အကျႌအိတ်ကပ်ထဲက ဓာတ်ပုံလေးကိုလည်း ထုတ်ပြတယ်။ သူ့သမီး လေးနဲ့ သူ့ဇနီးပုံတဲ့။ သမီးက ပက်လက်ကုလားထိုင်လေးပေါ်မှာ အိပ်လို့၊ သူ့မေမေက ဘေးနားမှာ ပြုံးရပ်နေတယ်။ ချစ်စရာလေးတွေ။ သူက ပြောတယ်။

“စစ်ပွဲတွေကို ငါမုန်းတယ်၊ ဇနီးနဲ့ သမီးကို မခွဲချင်ဘူး။ ဒါပေမဲ့ အမိန့်ကို နာခံရတယ်၊ ငါသေမလား၊ ရှင်မ လား မပြောနိုင်ဘူး” တဲ့။

ကျွန်မကို သူ့သမီးအမှတ်နဲ့ လာပေးတာလို့ မေမေက ပြောပါတယ်။ ဒါဆိုရင် မတိုက်ချင်ဘဲ တိုက်နေရတဲ့ စစ်သားတွေလည်း ရှိနေတဲ့ သဘောလား။ ကျွန်မ စဉ်းစားရင်း သူတို့ကို သနားလာတယ်။ စစ်တိုက်ပေးနေရတဲ့ စစ် သားတွေကို မမုန်းတော့ဘဲ စစ်ပွဲတွေကို ဖန်တီးနေတဲ့ စစ်ဘုရင်တွေကို မုန်းတတ်လာတယ်။

ဘုတလင်မှာက မငြိမ်မသက်နဲ့။ နေ့အခါ အစိုးရက အုပ်ပြီး ညအခါ ကွန်မြူနစ်တွေက ပြန်စီးသတဲ့။ ဆက် ကြေးတောင်းသတဲ့။ ကွန်မြူနစ်တွေကလည်း အချင်းချင်းနီလိုက်၊ ဖြူလိုက် ကွဲပြဲနေတော့ တာရှည်မအုပ်နိုင်၊ မ ထိန်းချုပ်နိုင်။ အစိုးရရော သူပုန်တွေပါ ဆုတ်ခွာသွားရင် တောကြောင်တွေကထ၊ ဓားပြက တိုက်၊ လုယက်မှုတွေ ဖြစ်၊ ဘယ်သူမှ အေးအေးဆေးဆေးမနေကြရဘူး။ ကျေးလက်ဒေသက ကုန်သည်ပွဲစားမှန်သမျှ ပြည်တွင်းစစ်ကို ရှောင်ရင်း တိမ်းရင်း စီးပွားလည်း ရှာရင်းဆိုသလို မုံရွာမြို့ပေါ်တက်လာကြတော့တယ်တဲ့။

အဖေက ရှမ်းတောလမ်း ဒီဇူဇာဆေးတိုက်မှာ အခန်းတစ်ခန်းငှားပြီး ရွှေဆိုင်ဖွင့်ပါတယ်။ သိပ်စုံလှတာ မဟုတ်ပါဘူး။ ပန်းထိမ်ဖိုတစ်ခုတော့ရှိရဲ့။ ဒီတုန်းက မောင်ကြည်ရှင်က ဆူးလေကုန်းရပ်ထဲက ဦးမောင်မောင် အလွတ်ပညာသင်ကျောင်း(နေရှင်နယ်ကျောင်းလို့လည်း ခေါ်တယ်ထင်ရဲ့)မှာ ကျောင်းအိပ် ကျောင်းစား တက္ကသိုလ် ဝင်သင်တန်းတက်နေနှင့်ပြီ။ အခုအငြိမ်းစား၊ ဩစတြေးလျသံအမတ်ကြီးဟောင်း (မြန်မာနိုင်ငံမှာ အသက်အငယ် ဆုံး အထက်တန်းကျောင်းအုပ်လို့လည်း နာမည်ကြီးရဲ့)။ စာရေးဆရာကြီး

ဦးမောင်မောင်စိုးတင့်ရဲ့ ဖခင်ဖြစ်ပါ တယ်။

ကျွန်မတို့ အငယ်နှစ်ယောက်ကတော့ Wesley School လို့ ခေါ်တဲ့ခရစ်ယာန် သာသနာပြုကျောင်းမှာ နေခွင့်ရတယ်။ ပြောရဦးမယ်။ ဒီဇင်ဘာလခရစ်စမတ်ပွဲနေ့တွေဆို ကျွန်မသိပ်ပျော်တာပဲ။ ပွဲတော်နေ့သွားတဲ့ စတိုင်ကို ကြည့်မလား။ သိုးမွေးခေါင်းစွပ်ကြီး ဆောင်းတယ်။ လက်အိတ်၊ ခြေအိတ်စွပ်တယ်။ Long Coat ခေါ်တဲ့ အကျႌပွပွ ရှည်ရှည်ဝတ်တယ်။ Canvas ခေါ်တဲ့ ဖိနပ်စီးပြီး ရွှေခြေကျင်းထပ်ဝတ်တယ်။ မိုက်တယ်နော်။ (စာဖတ်သူတွေ ကျွန်မပုံစံကို မြင်ယောင်ပုံဖော်မိရင် ရယ်နေမလားပဲ) ပွဲက ညပွဲဆိုတော့ မုံရွာမှာက အရမ်းချမ်းတယ်လေ။ ဒီပုံစံက အ ဖေနဲ့ ကျွန်မ လမ်းလျှောက်ထွက်ရင် တွေ့ရနိုင်တဲ့ ပုံစံပါပဲ။ ကျွန်မက Church လည်း တက်တယ်။ ဓမ္မသီချင်းတွေ ကိုလည်း ကြိုက်တယ်။ စာသားကိုတော့ မကြိုက်ဘူး။ ဝေ့လည်ကြောင်ပတ်နဲ့ နားမရှင်းလို့။

ဖေဖေ့ညီမဂမ်းကွဲက ခရစ်ယာန်ဆိုတော့ သူက ကျွန်မကို အမြဲခေါ်သွားလေ့ရှိတယ်။ မနက်တိုင်းလည်း ၄၅ မိနစ် ကျမ်းစာသင်ရတယ်။ ဓမ္မသီချင်းတွေ ဆိုရတယ်။ သီချင်းတွေက အသံသာလို့ ကျွန်မက သိပ်ကြိုက်ပါတယ်။ ဒါပေမဲ့ ကျွန်မက အဲဒီ အရွယ်ကတည်းက ရှင်ပြန်ထမြောက်တယ်ဆိုတဲ့ ခရစ်တော်ကို လက်မခံနိုင်ခဲ့ပါဘူး။

***

အဖေကလေ ကျွန်မကို ဘယ်လောက်ချစ်သလဲဆိုရင် ကျွန်မ ဆယ်ကျော်သက်အရွယ်ထိ ဆံပင်ကို ဆီလူး ပေးတုန်း၊ ဆံထုံးထုံးပေးတုန်း၊ ခြေသည်း၊ လက်သည်းလှီးပေးတုန်း။ ဒါပေမဲ့ ကျွန်မအရွယ်ကလေး ရလာတော့ အ ဖေနဲ့ရော အစ်ကိုတွေနဲ့ပါ ဘဝခြားသွားသလိုပဲ။ ဆက်ဆံရေးက ပြောင်းလဲသွားတယ်။ ကျွန်မ ကိုယ်တိုင်လည်း အ ဖေ့ကို "ဖေ. . .ဖေ့"လို့ ချွဲဖို့ ရှက်ရွံ့လာတယ်။ Wesley မှာ ၃ နှစ်ပဲ နေလိုက်ရတယ်။ အဖေက ကျွန်မကို ကျောင်း

နုတ်ပါလေရော။ မိန်းကလေးမို့ တော်ပြီတဲ့။ အိမ်မှာပဲ နေရပြီး ရွှေဆိုင်ထိုင်ခိုင်းပါတယ်။ ရွှေချိန်တွယ်တာ၊ အရည်အ သွေးစစ်တာ ဘာညာပြပေးတယ်။ ပြီးတော့ ဖေဖေတို့က ချည်ထုပ်တွေလည်း ရောင်းတာဆိုတော့ ဖေဖေတို့ ရေချိုး၊ ထမင်းစားနေရင် ကျွန်မက ဆိုင်ထိုင်ရတယ်( ဆိုင်စောင့်ရတာ ပါ)။

တစ်နေ့တော့ မိန်းမသုံးယောက် ဆိုင်ထဲ ဝင်ချလာတယ်။ ချည်ထုပ်တွေ ဈေးမေးလာလို့ ရောင်းရတော့မယ် ဆိုပြီး ကျွန်မ ပျော်သွားတယ်။ ဖေဖေ မှာထားတဲ့အတိုင်း ကျွန်မ ပြောရတယ်။ တစ်ယောက်က “ရေဆာလိုက်တာ သမီးရယ်၊ ရေတစ်ခွက်လောက် တိုက်ပါဦး” တဲ့။ ကျွန်မ ရေယူပြီး ထွက်လာတော့ တစ်ယောက်မှ မရှိတော့ဘူး။ ချည်ထုပ်လည်း သုံးထုပ်ပျောက် သွားတယ်။ အဖေက မဆူပါဘူး။

“ငါ့သမီး မှတ်ထား၊ လူတွေအားလုံး ကိုယ်လို မဟုတ်ဘူး” တဲ့။ “အဲဒါ သမီးအတွက် ပွဲဦးထွက်သင်ခန်းစာ ပဲ”လို့ ပြောတယ်။ “ပြုသူအသစ် ခံရသူအဟောင်း”လို့လည်း ဖေဖေက ပြောပါတယ်။ ကျောင်းထွက်ပြီး ၂ နှစ် လောက်ကြာမှ ကျွန်မ မျက်စိပွင့်လာတယ် ပြောရမှာပါ။ ဘန်ကောက်လုံချည် တရွှမ်းရွှမ်းနဲ့ လေယာဉ်ကြီးနဲ့ ရန်ကုန် တက္ကသိုလ်ကျောင်းတက်သွားတဲ့ အစ်ကိုတွေကို မနာလိုတော့ဘူး။ Wesley တုန်းက ကျွန်မသူငယ်ချင်းတွေ တက္က သိုလ်ကျောင်းသူကြီးဖြစ်ကုန်တာကိုလည်း ကျွန်မ မနာလိုတော့ဘူး။ ကျွန်မကိုယ် ကျွန်မ သိမ်ငယ်သွားတယ်။ ဘာ့ ကြောင့် ကျွန်မ ကျောင်းတက်ခွင့်မရရမှာလဲ။ အဖေ့ကို တိုက်ရိုက် ကျွန်မအရေးဆိုတယ်။ အဖေက စာနာတတ် သား။ ချက်ချင်းပဲ ကျောင်းအပ်ပေးတယ်။

ဗုဒ္ဓဘာသာကျောင်းလို့ ခေါ်တဲ့ (အမှတ် ၁)အထက်တန်းကျောင်းမှာ ကျွန်မ နေခွင့်ရတယ်။ ဒါပေမဲ့ ဖေဖေ က စည်းကမ်းချက်တွေနဲ့ ခွင့်ပြုတာပါ။ စာက လွဲရင် ဘာမှ အပိုမလုပ်ပါဘူး၊ ကျောင်းနဲ့ အိမ်၊ အိမ်နဲ့ ကျောင်းကလွဲ လို့ ဘယ်မှမသွားပါဘူး၊ ယောက်ျားလေးသူငယ်ချင်း မထားပါဘူးလို့ ကျွန်မက

ဝန်ခံထားရတယ်လေ။ လွယ်လွယ် ဝန်ခံခဲ့ပေမယ့် လက်တွေ့ကျင့်သုံးဖို့ ခက်ပါတယ်။ အထက်တန်းကျောင်းသူကြီးဖြစ်လာတော့ နည်းနည်းလူမှုရေး များလာပါပြီ။ ကျွန်မကလည်း ကျွန်မ။ အပိုတွေ လုပ်ချင်ခဲ့တယ်လေ။

ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်ဦးစီးတဲ့ ငှက်ပြာမယ်(Girl Guide) လည်း ဖြစ်ချင်ခဲ့တယ်။ လေထဲမှာ ဟို သည် ပျံဝဲနေတဲ့ ကြက်တောင်ဖြူဖြူလေးကိုလည်း လိုရာ ထိန်းချုပ်ဖမ်းယူပို့ပစ်ဖို့ ဝန်မလေးခဲ့ဘူး။ “တိုးတက်သော အတွေးအခေါ်ရှိသူ ကျောင်းသား”အုပ်စုဝင်လည်း ဖြစ်လိုက်သေးတယ်။ DSO တွေနဲ့ဆန့်ကျင်ပြီး အလံကိုင် ချီတက်ခဲ့ဖူးတယ်။ ဖေဖေတို့ အမြင်မှာတော့ ကျွန်မက “ပါလေရာ” ပေ့ါ။ မိန်းကလေးတန်မဲ့နေရာတကာပါလေရာဘွဲ့နဲ့ သဘောထားကွဲလွဲခဲ့ကြတယ်။

ကျွန်မက သမိုင်းတွေ၊ ပထဝီတွေထဲက စကားအဆန်းတွေ ကြီးကြီးကျယ်ကျယ် ပြောတတ်လာတယ်။ မိဘ တွေကို Autocracy ဆန်တယ်ဆိုတာမျိုး ဝေဖန်တတ်လာတယ်။ မိဘနဲ့ သားသမီးဟာ ကျေးကျွန်နဲ့ သခင်အနေအ ထား မဖြစ်သင့်ဘူးဆိုတာတွေ ပြောတတ်လာတယ်။ လွတ်လပ်မှုမရှိဘူး၊ လုပ်ပိုင်ခွင့်မရှိဘူးတို့ ပြောတတ်လာ တယ်။

မိန်းကလေးမို့ အစိုးရိမ်ပိုရှာတယ်လို့ အဖေ့ဘက်ကို စာနာကြည့်ဖို့ကျတော့ ကျွန်မ ပျက်ကွက်ခဲ့တယ်။

လပိုင်းလောက်သာ လိုတော့တဲ့ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကိုတောင် လက်လွတ်ခံပြီး ဖေဖေ့ကို အရွဲ့ တိုက် စွန့်ခွာပစ်ထားလို့ အိမ်နဲ့ ဝေးရာ မိုင်ပေါင်းများစွာ ပြေးထွက်မိတော့တယ်။

ခုတော့ ကျွန်မ သိပြီ။ ကျွန်မ စာနာတတ်ပါပြီ။ ဒီအတွက် ဖေဖေ့ကို ကျွန်မ တောင်းပန်ချင် ပါတယ်။ အဖေ့ရှေ့မှာ ဒူးထောက်ပြီး “ကျွန်မ မှားခဲ့ပါတယ် အဖေရယ်” လို့ တောင်းပန်ချင် ပါတယ်။

ဒါပေမဲ့ အဖေက ကျွန်မကို မပြောမဆို၊ နှုတ်လည်း မဆက်၊

စွန့်ခွာထားရစ်ခဲ့တာ ကြာပြီကော။

နောင်သံသရာမှာ ဖေဖေနဲ့ ပြန်လည်ဆုံတွေ့ခွင့်ရရင် ကျွန်မ ဒေါက်တာကျော်စိန်ရေးတဲ့ ဒီစာပိုဒ်လေးကို ဖတ်ပြမိမှာ အသေအချာပါပဲ။

“အချို့သည် မိဘအိမ်တွင် နေရသည်ကို စိတ်ညစ်၍ လည်းကောင်း၊ ကျောင်းစာသင်ရသည်ကို ငြီးငွေ့၍ လည်းကောင်း၊ မိသားစုရင်ခွင်၌ မပျော်ရွှင်၍ လည်းကောင်း၊ ယင်းတို့မှ လွတ်မြောက်ရန်အလို့ငှာ၊ မည်သူ့ကိုဖြစ်ဖြစ် လက်ထပ်မည်ဟု ဆုံးဖြတ်ခြင်းပြုတတ်၏။ “ကျားကြောက်၍ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက် ဆိုး”ဟူသကဲ့သို့ ဘ၀ အခက်အခဲများမှ အလွတ်ရုန်းလို၍ အိမ်ထောင်ပြုသူများသည် ပို၍ ရှုပ်ထွေးခက်ခဲသော အိမ်ထောင်ရေးပြဿနာ များနှင့် ရင်ဆိုင်ရကာ စိတ်ပျက်ခြင်း၊ ပူပန်သောကရောက်ခြင်းတို့ဖြင့်သာ စခန်းသိမ်းရလေ့ ရှိသည်။

**ဒေါက်တာကျော်စိန် MA.Ph.D (Columbia)**

**စိတ်ပညာဌာနမှူး ရန်ကုန် ဝိဇ္ဇာ သိပ္ပံတက္ကသိုလ်”**

*

## ခင်မေသစ်

ကျွန်မက မိုးလင်းတာနဲ့ ကွန်ပျူတာကို အဆင်သင့်ဖွင့်ထားလေ့ ရှိတယ်။ တစ်ခုခုသတိရလို့ စိတ်ထဲ ပေါ် လာတိုင်း ချချရေးပစ်လိုက်တာလေ။ အဲဒါတွေ စုထားတာ။ ခုလည်း ရေးစရာတွေ ပေါ်လာတုန်းပါပဲ။ အဖေ့ကို လွမ်းတဲ့အကြောင်း ရေးစရာတွေ မကုန်သေးဘူး။

*